dvbdebate.com facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"How real is Reconcilliation?"*

ဖြစ်ပါတယ်။

- ❖ မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

## ဒီတစ်ပတ်မှာတော့ "အမျိုးသားပြန်လည်သင့်မြတ်ရေး ဘယ်အထိခရီးပေါက်နေပြီလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

တိုင်းရင်းသား ၁၃၅ မျိုး ရှိနေသည့် မြန်မာနိုင်ငံသည် ပြည်တွင်းစစ်ပွဲဖြစ်ပွားမှုများမှာလည်း လွတ်လပ်ရေး ရပြီးကတည်းကပင် ယနေ့အထိ စဉ်ဆက်မပြတ် ဖြစ်ပွားလျက်ရှိခဲ့သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင်မူ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့၌ ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ( UPWC) အလုပ်အဖွဲ့နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်ဆဲရေး ဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT) တို့ တွေ့ဆုံပြီး စက်တင်ဘာလအတွင်းက ရပ်နားထားခဲ့သည့် ခုနစ်ကြိမ်မြောက်အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲကို မတ်လ ၁၂ ရက်နောက်ပိုင်း ပြန်စတင်ရန် မူအားဖြင့် သဘောတူညီမှုရခဲ့ပြီ ဖြစ်သည်။

၂၀၁၄ခုနှစ်အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) နှင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်ဆဲရေး ဆိုင်ရာ ညှိနှိုင်းရေး အဖွဲ့ (NCCT) တို့ တရားဝင် ခြောက်ကြိမ် တွေ့ဆုံခဲ့ပြီး အလွတ်သဘော အကြိမ် ၃၀ ကျော် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်း ( ၂၂ ) ဖွဲ့ရှိပြီး အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး ဒုတိယအကြော့ ပြုလုပ်ထားသည့်အဖွဲ့အစည်းပေါင်းမှာ ၁၆ ဖွဲ့ ရှိနေသည်။၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ကျပ်သန်းပေါင်း ၇၀၀၀ ကို အမျိုး စီမံကိန်းများ ခေါင်းစဉ်အောက်မှ သုံးစွဲခွင့်ရခဲ့သည်။

## ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မူဝါဒ ၆ ချက်

၁။ ထာဝရ ငြိမ်းချမ်းရေးရယူရန်အတွက် အမှန်တကယ်ဆန္ဒရှိရန်။
၂။ သဘောတူစာချုပ်များအတိုင်း ကတိတည်ရန်။
၃။ ငြိမ်းချမ်းရေးသဘောတူညီချက်များအပေါ် အမြတ်မထုတ်ရန်။
၄။ ဒေသခံပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်။
၅။ နိုင်ငံတော်က ထုတ်ပြန်ထားသည့် တည်ဆဲဥပဒေများကို လိုက်နာရန်။
၆။ ဒို့တာဝန်အရေးသုံးပါးနှင့် ဒီမိုကရေစီ အနှစ်သာရကို လက်ခံပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ဒီမိုကရေစီလျှောက်လှမ်းနေမှုတွင် လိုက်ပါလုပ်ဆောင်ရန်။

ယခုတစ်ပတ်၏ ဒီဘိတ်အစီအစဉ်မှာတော့ မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားတို့ကြား အမျိုးသားပြန်လည်သင့်မြတ်ရေး ဖော်ဆောင်မှုအကြောင်းနဲ့ ပတ်သက်ပြီး ဆွေးနွေးကြမည် ဖြစ်ပါသည်။

## သူတို့အမြင်

"ကျွန်မတို့ဟာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို တည်ဆောက်နေတဲ့ အချိန်မှာ အတိတ်က အဖြစ်ဆိုးတွေကို တစ်ခါပြန်လှန်ပြီးတော့ အချင်းချင်းကြားမှာ စိတ်ဝမ်းကွဲအောင် ကျွန်မတို့ မလုပ်သင့်တဲ့အချိန်မှာ မလုပ်ရဘူး။ ဒါကို ကျွန်မတို့ နားလည်ရမယ်"
**ဒေါ်အောင်ဆန်းစုကြည်** - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ

"ကျွန်တော်တို့နိုင်ငံက ဆင်းရဲတွင်းနက်နေတဲ့ နိုင်ငံဖြစ်နေတာ ပြည်တွင်းစစ်ကြောင့်ပဲ၊ ဒီစစ်ပွဲတွေ မရပ်စဲသေးတာက လုပ်နည်းလုပ်ဟန်တွေ မမှန်လို့ပဲ။ တကယ့် ပြည်တွင်းစစ် ဖြစ်ရတဲ့ အကြောင်းရင်းကို အခြေခံပြီး ဖြေရှင်းပုံနဲ့ ဖြေရှင်းဖို့လိုတယ်"
**ဦးအေးသာအောင်** - စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုး မဟာမိတ် (ယူအင်န်အေ)။

"တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးအတွက် သွားနိုင်မယ်၊ မသွားနိုင်ဘူးဆိုတာတော့ နှစ်ဖက်စလုံးအပေါ် မူတည်တာပေါ့။ အကုန်လုံးရမှ သွားမယ်ဆိုရင်တော့ ထပ်ကြာဦးမှာပေါ့။ အကုန်လုံးဘယ်လောက် မြန်မြန်လိုချင်လဲ၊ မလိုချင်လဲ ဆိုတဲ့အပေါ်မှာလည်း မူတည်တယ်"
**ဒေါက်တာမင်းဇော်ဦး** - အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးဌာန၊ ညွှန်ကြားရေးမှူး (MPC)

## *Information links:*

www.7days daily .com
www.thevoicemyanmar.com
www.mmstd.com
www.mizzimaburmese.com
www.dvbdebate.net
www.Burmese.dvb.no